# အစဉ်သာ ရင်မှာ တမ်းကာတ ၊ လွမ်းပါရ ထေရ်ဆရာ



စာရေးသူမှာ ကိုယ်လုပ်တတ်တာလည်း များများစားစား မရှိသလို လုပ်ချင်တာလည်း များများစားစား မရှိပါဘူး။ လုပ်ချင်တာများများ မရှိတာနဲ့ လုပ်တတ်တာများများ မရှိခြင်းနှစ်ခုပေါင်းလိုက်တော့ လုပ်ဖြစ်တာက အတော်ကို နည်းသွားပါတယ်။ အဲဒီလုပ်ဖြစ်တဲ့အနည်းလေးထဲမှာ မပြတ်မပြတ်လုပ်နေဖြစ်တတ်တာက စာရေးတဲ့အလုပ်ပါ။ စာရေးတာကတော့ အများတကာတွေနဲ့ ပြောဆိုဆက်ဆံနေဖို့ မလိုသလို သူများတွေရဲ့ အကူအညီကိုလည်း တောင်းနေစရာမလိုလို့ ကိုယ့်စိတ်ကြိုက် လုပ်နိုင်တယ်။ နောက်ပြီးလွတ်လွတ်လပ်လပ်လည်း လုပ်နိုင်တယ်။ ကိုယ်ရေးတဲ့စာ မှန်သမျှ စာအုပ်အဖြစ်ရောက်မှဆိုတဲ့ ခံယူချက်မျိုး၊ လိုအပ်ချက်မျိုး မရှိဘူးဆိုလျှင်ပေါ့။ ဒါပေမယ့် အရေးကြီးတာက စာရေးဖို့ဆိုတာက ကိုယ်မအားတောင် စိတ်အားဖို့လိုတယ်လေ။ ခုရက်ပိုင်းမှာတော့ ကိုယ်ရောစိတ်ရော မအားနိုင်ဖြစ်နေရတဲ့ကိစ္စလေးတွေရှိနေလို့ မပြတ်လုပ်ဖြစ်နေတဲ့ စာရေးခြင်းအလုပ်လေးကိုပင်လျှင် မလုပ်နိုင်ဖြစ်နေတယ်။

လုပ်သင့်တယ်လို့ခိုင်ခိုင်မာမာကိုယ်ယုံကြည်ထားတဲ့ ဒီစာရေးခြင်းအလုပ်လေးကို မလုပ်ဖြစ်တော့ လုက်သင့်တဲ့အလုပ်တွေကို အားသွန်ခွန်စိုက် တစိုက်မတ်မတ်လုပ်ဆောင်တတ်ကြတဲ့သူတွေရဲ့ ကြိုးစားအားထုတ်မှုတွေကို ချီးကြူးလေးစားမိပါတယ်။ ဒီလိုလေးစားရတဲ့အထဲမှာ စံလွန်တော်မူသွားတာ တစ်နှစ်ရှိသွားပြီဖြစ်တဲ့ သာသနာ့ဥသျှောင် ပဓာနာစေရ မစိုးရိမ်ဆရာတော်ကြီး ရှေ့ဆုံးကရှိနေမယ်ဆိုတာ အထူးပြောနေဖို့လိုမယ် မထင်ပါဘူး။ ဆရာတော်ဘုရားကြီးဟာ နှစ်ပေါင်းများစွာ ဘာသာသာသနာနဲ့ လူမျိုးအကျိုးကို အားကြိုးမာန်တက်ဆောင်ရွက်သွားတော်မူခဲ့တာ ရဟန်းရှင်လူပြည်သူပြည်သား အများသိ။ ပရိယတ္တိနယ်ပယ်မှာ နေသွင်လအလား ထင်ရှားတော်မူတဲ့ ဆရာတော်ကြီး။ တပည့်တပမ်းပေါင်းများစွာဆိုတာလည်း တတိုင်းတနိုင်ငံမက ကမ္ဘာအနှံ့။ ပြုစုတော်မူခဲ့တဲ့ ကျမ်းတွေဆိုတာလည်း သာသနာ့သမိုင်းမှာ ခန့်ခန့်ထည်ထည်။ မှတ်တိုင်ကြီးတွေအဖြစ် ရပ်တည်လျက်။ နှစ်ပေါင်းများစွာ အမျိုးဘာသာသာသနာဆိုင်ရာ လုပ်ငန်းဆောင်တာတွေကို ဇွဲနပဲနဲ့ စွဲစွဲမြဲမြဲ လုပ်ဆောင်တော်မူခဲ့တာ။

မြတ်စွာဘုရားရှင် စာတုမဗ္ဗာအနီး ရှစ်ရှားတောမှာ သီတင်းသုံးနေစဉ်အချိန်က။ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ သူတို့နောက်ပါတပည့်ရဟန်းငါးရာနဲ့အတူ  ဘုရားရှင်ရှိရာကို ဖူးမြော်ရန်ရောက်လာကြတယ်။ ရဟန်းတော်တွေက ရဟန်းဖြစ်စဆိုတော့ အဆုံးအမ ကျနစွာ မခံရသေးဘူး။ ဒီတော့ ရဟန်းတော်တွေကျင့်ရမည့် ကျင့်ဝတ်ဝတ္တရားတွေကိုလည်း သေချာကျန မသင်ကြရသေးဘူး။ ဆိတ်ငြိမ်တိတ်ဆိတ်မှုကို နှစ်သက်တော်မူတဲ့ မြတ်ဗုဒ္ဓရဲ့ ဆန္ဒတော်အမှန်ကိုလည်း မသိနားမလည်ကြသေးဘူး။ ဒီတော့ဘုရားရှင်ရှိရာအရပ်ရောက်လာတော့ နေရထိုင်ခင်း ပြင်ဆင်ကြ၊ အချင်းချင်းအပြန်ပြန်အလှန်လှန် နှုတ်ခွန်းဆက်ကြနဲ့ဆိုတော့ အသံတွေက ဆူညံလို့နေတယ်။

ဒီလိုဆူညံဆူညံဖြစ်နေတဲ့အသံကိုကြားရတော့ မြတ်စွာဘုရားက ‘ခုလိုမြစ်ချောင်းဆိပ်ကမ်းနားမှာ ငါးစိမ်းသည်တွေ ငါးလုနေတဲ့အလား ဆူညံစွာစကားများနေသူတွေဟာ ဘယ်သူတွေလဲ’ လို့မေးပါတယ်။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ရဲ့ နောက်လိုက်နောက်ပါ တပည့်ရဟန်းတော်များပါဆိုတဲ့အကြောင်း လျှောက်ထားတော့ ဗုဒ္ဓက ဆူညံနေတဲ့ ရဟန်းတော်တွေကို ဒီနေရာကနေ ထွက်သွားစေဖို့မိန့်ကြားလိုက်တယ်။ ဒီအထဲမှာ အရှင်သာရိပုတ္တရာနဲ့

အရှင်မောဂ္ဂလာန်တို့လည်း အပါအဝင်ပေါ့။ ရဟန်းတော်တွေလည်း ကောင်းပါပြီအရှင်ဘုရားလို့ ဝန်ခံပြီး မြတ်စွာဘုရားကို ရှိသေစွာရှိခိုးကာ နေရာကနေ အသာအယာထွက်ခွါသွားကြတယ်။

ရဟန်းတော်တွေ ဘုရားရှင်နှင်ထုတ်တော်မူတာကို မြင်တွေ့ရတဲ့ စာတုမာရွာနေ သာကီဝင်မျိုးတွေက ရဟန်းတော်တွေထံ ချဉ်းကပ်ပြီး အရှင်ဘုရားတို့ ခေတ္တခဏဆိုင်းငံ့တော်မူကြပါဦးဘုရား။ ဘုရားတပည့်တော်တို့ စုပေါင်းပြီး မြတ်စွာဘုရားကို ခွင့်လွှတ်သည်းခံပေးဖို့ လျှောက်ထားကြည့်ပါရစေဦးလို့ လျှောက်ထားပါတယ်။ ရဟန်းတော်တွေကို ခုလိုလျှောက်ကြားပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ကာ ရဟန်းတော်တွေကို သည်းခံပေးဖို့လျှောက်ထားကြပါတယ်။ ‘မြတ်စွာဘုရား၊ အရှင်ဘုရားသည် ရဟန်းတော်တွေကို ကျေနပ်တော်မူပါလော့။ အလျင်က ရဟန်းတော်များကို ဆုံးမတော်မူသကဲ့သို့ ယခုလည်းဆုံးမတော်မူပါလော့။ အလျင်က ရဟန်းတော်များကို ချီးမြှောက်တော်မူသကဲ့သို့ ယခုလည်းရဟန်းတော်များကို ချီးမြှောက်တော်မူပါလော့။ ဒီရဟန်းတွေထဲမှာ ခုမှရဟန်းဖြစ်စ ရဟန်းငယ်တွေလည်း ပါကြပါတယ်။ အပင်ပေါက်စ နုနုငယ်ငယ်သစ်ပင်လေးတွေဟာ လုံလောက်တဲ့ရေကို မသောက်သုံးရဘူးဆိုလျှင် ညှိုးခြောက်ကာ သေကြေပျက်စီးကြရသလို ဒီလိုရဟန်းဖြစ်စ ရဟန်းငယ်တွေအနေနဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမကို မရခဲ့ဘူးဆိုလျှင် ဖောက်ပြန်ပျက်စီးကြရပါလိမ့်မယ်ဘုရား။ ငယ်ရွယ်တဲ့နို့စို့နွားငယ်လေးဟာ မိခင်နွားမကို မမြင်ရလျှင် နာကျင်ခံခက်စွာ စိတ်ဖောက်ပြန်ကြရသလို ခုမှရဟန်းဖြစ်စ ရဟန်းငယ်တွေလည်း အရှင်ဘုရားကို မဖူးမြော်ရဖူးဆိုလျှင်ဖြင့် စိတ်ပြောင်းလွဲဖောက်ပြန်ပျက်စီးကြရပါလိမ့်မယ်ဘုရားလို့လည်း ဥပမာအသွယ်သွယ်များနဲ့ အသနားခံကာ လျှောက်ထားတောင်းပန်ကြပါတယ်။ သဟမ္ပတိဗြဟ္မာကြီးကလည်း စာတုမရွာသားတွေနည်းတူ တောင်းပန်စကား လျှောက်ထားပါတယ်။

မြတ်စွာဘုရားကလည်း အပြစ်ယူချင်လို့ အပြစ်တင်တာမှ မဟုတ်တာ။ အပြစ်မြင်လို့သာ ချစ်ခင်စွာဆုံးမလိုလို့ နှင်ထုတ်တော်မူတာပဲဟာ။ ဒီလိုဝိုင်းဝန်းကာသည်းခံဖို့လျှောက်ထားတော့ ရဟန်းတော်တွေကို ခွင့်လွှတ်သည်းခံတော်မူပါတယ်။ ဒီတော့ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ ဦးဆောင်တဲ့ရဟန်းတော်တွေလည်း မိမိတို့မှာပါလာတဲ့ သပိတ်သင်္ကန်းလေးတွေကို အသာအယာကောက်ယူက မြတ်စွာဘုရားခြေတော်ရင်းမှာ ပြန်လည်ဝင်ရောက်ဖူးမြော်ကြပါတယ်။ ပြန်လည်ကြွရောက်လာတဲ့အခါမှာ မြတ်စွာဘုရားက ‘ချစ်သားသာရိပုတ္တရာ၊ သင်တို့ကို ဒီနေရာကနေထွက်သွားဖို့ ငါဘုရားမိန့်ကြားတဲ့အခါ သင့်စိတ်ထဲမှာ ဘယ်လိုများ ခံစားမိပါသလဲ’ လို့ မေးမြန်းပါတယ်။ ဒီအခါ အရှင်သာရိပုတ္တရာက ‘မှန်လှပါဘုရား။ မြတ်စွာဘုရားက အဲဒီလိုမိန့်ကြားလိုက်တော့ ဘုရားတပည့်တော်စိတ်ထဲမှာ အော်ဘုရားရှင်ကိုယ်တော်မြတ်ဟာဖြင့် ရဟန်းတော်တွေကိုနှင်ထုတ်ပြီး တစ်ပါးတည်းကြောင့်ကြမဲ့ အေးအေးသက်သာနေလိုတော်မူဟန်တူပဲ့။ ယခုအခါ ငါတို့လည်း မြတ်စွာဘုရားကဲ့သို့ တစ်ပါးတည်း ကြောင့်ကြမဲ့ အေးအေးသက်သာ နေထိုင်တော့အံ့ရယ်လို့ အကြံဖြစ်မိပါဘုရား’ လို့ လျှောက်ထားပါတယ်။ ဒီအခါမှာ မြတ်စွားဘုရားက သာရိပုတ္တရာ ဆိုင်းငံ့ဦးလော့။ ယခုအခါ တစ်ပါးတည်း ချမ်းချမ်းသာသာနေထိုင်မှုကို ဆိုင်းငံ့ဦးလော့ လို့မိန့်တော်မူပါတယ်။

နောက်ပြီး အရှင်မောဂ္ဂလာန်ကိုလည်း ချစ်သားမောဂ္ဂလာန်ကရော ငါဘုရားနှင်ထုတ်တော်မူတော့ ဘယ်လိုစိတ်ကူးအကြံအစည်များဖြစ်မိပါသလဲလို့ မေးတော်မူပါတယ်။ အရှင်မောဂ္ဂလာန်ကတော့ ‘မြတ်စွာဘုရား အဲဒီလိုမိန့်တော်မူလိုက်တော့ တပည့်တော်စိတ်ထဲမှာ အော်မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတော်တွေကို နှင်ထုတ်ကာ တစ်ပါးတည်းကြောင့်ကြမဲ့ အေးအေးသက်သာ နေလိုဟန်ရှိတယ်။ ဘုရားသားတော်ကြီးများဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ ငါမောဂ္ဂလာန်တို့က မြတ်စွာဘုရားကိုယ်စား ဒီရဟန်းတော်တွေကို ဆောင်ယူဆုံးမတော်မူကာ သာသနာ့တာဝန်တွေကို ဆက်လက်ထမ်းရွက်ကြကုန်အံ့’ လို့ အကြံဖြစ်မိကြောင်းလျှောက်ကြားပါတယ်။ ဒီတော့ မြတ်စွာဘုရားက ချစ်သားမောဂ္ဂလာန် ကောင်းပေစွ၊ ကောင်းပေစွ၊ ငါသည်၎င်း သင်ချစ်သားတော်များဖြစ်တဲ့ သာရိပုတ္တရာ မောဂ္ဂလာန်တို့သည်၎င်း ဒီရဟန်းတော်များကို ဆက်လက်ဆောင်ယူကြအံ့လို့ သာဓုစကား မိန့်ကြားတော်မူပါတယ်။

မစ္ဈိမပဏ္ဏာသလာ ဒီတရားတော်ကိုဖတ်ရတော့ မြတ်စွာဘုရားရှင်ရဲ့ ကြောင့်ကြမဲ့မနေစေလိုတဲ့ ဆန္ဒသဘောထားကို ရှင်းရှင်းလင်းလင်း သိမြင်ရတယ်။ ဘာသာရေး သာသနာရေးနဲ့စပ်ဆိုင်လာလျှင် တပည့်ကြီးသောငယ်သောဆိုတာကို

မခွဲခြားပဲ ပြတ်ပြတ်သားသား မိန့်ကြားတော်မူတဲ့ မြတ်ဗုဒ္ဓရဲ့ ရဲရင့်တည်ကြည်မှုကိုလဲ ကြည်ညိုအားရမိတယ်။ တကယ်တော့ ဘုရားရှင်က အေးအေးဆေးဆေး တစ်ပါးတည်းနေထိုင်ရမှုကို အလွန်လိုလားတော်မူတာ။ သို့ပေမယ့် ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်လာတာကိုက သတ္တဝါအများကောင်းကျိုးကို ဆောင်ရွက်တော်မူဖို့လေ။ ဒီတော့လည်း သတ္တဝါတွေ ကောင်းကျိုးဖြစ်မည့် ကိစ္စမျိုးမှာဆို၊သတ္တဝါတွေပင်ပင်းဆင်းရဲ ဘေးဆိုးဒုက္ခတွေ့ရမှာမျိုးဆို ဘယ်လောက်ပဲပင်ပန်းဆင်းရဲရသည်ဖြစ်ပစေ။ အဲဒီပင်ပန်းမှုတွေကို အမှုမထားပဲ မိုးသဲသဲ နေပူပူ ဖုံထူထူ ဆူးပြွမ်းပြွမ်း မပင်မပန်းနိုင်အားပဲ ကြွရောက်ချီးမြှင့်တော်မူခဲ့တာ။ ဆုံးမဖြေရှင်းပေးတော်မူခဲ့တာ။ နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ပြီမ်းတော်မူခါနီးအထိ။

ဘုရားသာသနာဝင်ပြီး ဘုရားအဆုံးအမကိုခံယူလိုက်နာကြတဲ့ ဘုရားတပည့် သံဃာတော်တွေဆိုတာလည်း မြတ်ဘုရားကို အတုယူကာ အတူပြုလို့ ဘယ်လိုဘေးဒဏ်တွေနဲ့ပဲကြုံရပစေ၊ ဘယ်လိုဆင်းရဲမှုတွေနဲ့ပဲ တွေ့ရပစေ၊ ဘာသာသာသနာအရေး၊ လူမျိုးအရေးအတွက်ဆို ကြောင့်ကြမဲ့မနေကြပဲ ကိုယ်နိုင်ရာက ကိုယ့်တာဝန်ကို ကျေပွန်စွာထမ်းရွက်သင့်တာပဲ့။

မစိုးရိမ်ဆရာတော်ဘုရားကြီးကို လေးစားကြည်ညိုဖြစ်ရတာတွေထဲမှာ အဲဒီလိုမြတ်ဘုရားထုံးနှလုံးမူကာ ကျင့်သုံးတော်မူခဲ့တဲ့ စိတ်ဓာတ်လည်း တစ်ခုအပါအဝင်ပေ့ါ။ မြန်မာပြည်မှာ မိစ္ဆာတွေက ဘာသာသာသနာနဲ့ လူမျိုးအညွန့်တုံးအောင် လက်စတုံးလုပ်နေကြပြီဆိုတော့ ကိုယ့်အသက်ကိုယ့်အရှယ်၊ ကိုယ့်ဂုဏ်တွေကိုပင် ငဲ့မနေနိုင်အားပဲ တတ်နိုင်သမျှ ဘာသာသာသနာအကျိုး ထမ်းရွက်သည်ပိုးဖို့ သာသနာ့ဉသျှောင်အဖွဲ့ကြီးကို ဦးဆောင်ကာဖွဲ့စည်းလို့ ဉသျှောင်နေရာကနေ တာဝန်ယူခဲ့တယ်။ ပင့်ဖိတ်ရာအရပ်ဒေသဆီသို့လည်း ဝေးဝေးနီးနီး ခရီးနှင်ကာ မငြင်းပယ်ဘဲ ကြွတော်မူခဲ့တယ်။ နောက်ဆုံးစံလွန်တော်မူမည့် ရက်မတိုင်မီအချိန်အထိ ဘာသာသာသနာသမိုင်းမှာ ဘယ်လိုမှ မေ့ဖျောက်လို့မရနိုင်မည့် မှတ်တိုင်ချန်ထားသည့်အလား ကြိုးစားကာ ရွက်ဆောင်တော်မူခဲ့တယ်။ ကြောင့်ကြမဲ့နေလိုက နေနိုင်သားရယ်နဲ့ မနေနိုင်အားရှာပဲ အမျိုးဘာသာသာနာအရေး အားပေးတော်မူခဲ့တယ်။

**သာသနာ့အရေး ဒို့အရေးပေ**

**ဆရာရော တကာရော မလျော့သောစိတ်တွေ**

**ဘယ်ရန်သူမျိုး ထိုးဖောက်ပါစေ**

**ဒို့မမူ ပေါင်းစုကာကွယ်မလေ**

**သာသနာ့အရေး ဒို့အရေးပေ။**

**(ဦးကောဂိဒါဘိဂံသ-မစိုးရိမ်ဆရာတော်)**

လောကအတွက် ကြီးပွားအောင်မြင်ရေးပဲဖြစ်ဖြစ်၊ လောကုတ္တရာအတွက် ပေါက်မြောက်အောင်မြင်ရေးပဲဖြစ်ဖြစ်။ လုပ်ငန်းပိုင်းဆိုင်ရာမှာ ဘာဝနာငါးချက်နဲ့ပြည့်စုံအောင်လုပ်ဆောင်မယ်ဆိုလျှင် ကိုယ်မှန်းထားတဲ့အတိုင်း ပေါက်မြောက်အောင်မြင်နိုင်ပါတယ်တဲ့။ ဆရာတော်ဘုရားကြီးမှာ နှစ်ပေါင်းများစွာ စာပေတွေပို့ချခြင်း၊ တရားတော်များဟောကြားခြင်း၊ စာအုပ်တွေရေးသားထုတ်ဝေခြင်းဆိုတဲ့ **(စိရကာလဘာဝနာ)** ကြာမြင့်စွာ အလုပ်လုပ်ခြင်း ဂုဏ်နဲ့ ပြည့်စုံခဲ့သလို လုပ်တဲ့အလုပ်အပေါ်မှာလည်း ရိုရိုသေသေ လေးလေးစားစားနဲ့ လုပ်ဆောင်တော်မူတဲ့ ဆရာတော်ဘုရားကြီး **(သက္ကစ္စဘာဝနာ)** နဲ့ ပြည့်စုံမှုကလည်း တကယ့်ကိုမှ အားကျအတုယူ ချီးကြူးစရာပါ။ သာသနာနဲ့ ပတ်သက်လာလျှင် ဘယ်ဖက်ကမှ အကြွင်းအကျန်မရှိရလေအောင် လုပ်ဆောင်တော်မူခဲ့တဲ့ ဆရာတော်ဘုရားကြီးရဲ့ **(နိရဝသေသဘာဝနာ)** နဲ့ ပြည့်စုံမှုတွေ၊ အမျိုးဘာသာ သာသနာနဲ့ ပတ်သက်လာလျှင် မပြတ်တလစ်လုပ်ဆောင်မှုခဲ့တဲ့ ဆရာတော်ဘုရားကြီးရဲ့ထံမှာရှိတဲ့ **(နိရန္တရဘာဝနာ)** ဂုဏ်ကလည်း အတုပြုရမည့် ဂုဏ်တစ်ခုပါပဲ။ ဆရာတော်

ဘုရားကြီး ဖြစ်စေချင် မြင်စေချင်တဲ့အတိုင်း မဖြစ်ရမမြင်ရမီမှာ စံလွန်တော်မူသွားတာကြောင့် ရောက်ရာဌာန သုဂတိဘုံမှာ ဒီဘာဝနာတွေကို ဆက်လက်ပွားများနေလိမ့်မယ်လို့ မျှော်မှန်းမိပါတယ်။

တခါတခါ ကိုယ်လုပ်နေတဲ့အလုပ်ကို မကောင်းမကင်းတတ်လို့ လုပ်လိုက်ရတာမျိုး။ အားနာပါးနာလုပ်လိုက်ရတဲ့အခါမျိုးရှိတတ်ပါတယ်။ ဒီအခါမျိုးမှာ အချိန်ကုန်ပင်ပန်းလိုက်ပေမယ့် ဘာကောင်းကျိုးရလဒ်မှ ထွက်မလာတတ်တာမျိုးတွေလည်းရှိနိုင်ပါတယ်။ ဒီတော့ မလုပ်ဘဲနေလိုက်တာမှ ဟုတ်သလိုရှိသေး၊ ခုတော့ လုပ်သာလုပ်လိုက်ရပြီး ဘာမှအကျိုးမရှိဘူးရယ်လို့ ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်၊ အခြားသူများကိုလည်း ဝေဖန်အပြစ်မြင်တတ်တာမျိုး ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ကိုယ့်မှာ အထက်ကပြောခဲ့တဲ့ ဘာဝနာတွေ ချို့တဲ့တာကိုတော့ ထည့်မတွက်မိတတ်ပါဘူး။

အထူးသဖြင့် စာရေးသူလို တခါတခါ ကိုယ့်အလုပ်အပေါ်မှာ သိပ်ပြီးယုံယုံကြည်ကြည် နှစ်နှစ်ကာကာ မရှိတတ်တဲ့ စိတ်ထားရှိသူတစ်ဦးအနေနဲ့ ဆရာတော်ဘုရားကြီးထံမှာ တွေ့ရတတ်တဲ့ ကိုယ့်အလုပ်အပေါ်မှာ ပျော်မွေ့တတ်မှု၊ စိတ်ပါလက်ပါရှိတတ်မှု။ ယုံကြည်ချက်ခိုင်မာမှု၊ အားကြိုးမာန်တက်ရှိတတ်မှုဆိုတဲ့ **(အဘိရတိဘာဝနာ)** ဂုဏ်ကတော့ဖြင့် အများဆုံးအတုယူရမည့်၊ အစဉ်လည်း အတုယူကာ အတူပြုနေရမည့် ဂုဏ်တစ်ခုဖြစ်ကြောင်းကိုဖြင့် ဆရာတော်ဘုရားကြီးနား ကြားသိအောင် လျှောက်ထားလိုက်စမ်းချင်ပါဘိတော့။ ။

ဂါရဝဖြင့်
တပည့် ဉာဏိကာဘိဝံသ
ဧပြီလ ၂၅ ရက်၊ ၂၀၀၉